# News Letter ( March and April ) in 2019

## BEng( Hons) ကျောင်းသား/သူများ၏ ပဌမအကြိမ် Internship Certificate Awarding Ceremony

STI Myanmar University နှင့် University of Bedfordshire (UK) တို့ပူးပေါင်းဖွင့်လှစ်သော BEng ( Hons) အင်ဂျင်နီယာဘွဲ့သင်တန်းများ တွင် ဒုတိယနှစ်အောင်မြင်ပြီးဆီးကြသော Civil နှင့် Architecture ကျောင်းသား/ သူ (၅၅) ဦးသည် ဆောက်လုပ်ရေး ကုမ္ပဏီကြီး များနှင့် Architect firm များဖြစ်သော M.K.T Construction Co.Ltd , U Cho Shwe Family Co.Ltd , Department of Highways and Bridges (Northern Division) Ministry of Construction Co.Ltd , SY Architects Firm , Classical Architect Bolon & Associate Architects နှင့် Myanmar Architecture Construction တို့တွင် အသုတ်လိုက်ခွဲ၍ နှစ်လတာ Internship Trainees များ အဖြစ် သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့ ဝင်ရောက်လေ့လာခဲ့ကြပါသည်။



၂၀၁၉ ခုနှစ် မတ်လ (၇)ရက်နေ့ တွင် internship Program ကို ပြီးမြောက်အောင် ဝိုင်းဝန်းကူညီခဲ့ကြသော Company များကို ကျေးဇူးတင်စကားပြောခြင်းနှင့် ကျောင်းသား/သူ များကို Certificate များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို MICT Park အတွင်းရှိ STIMU Campus ၊ အခန်း (၂၀၁) တွင် နေ့လည် (၁)နာရီမှ (၃) နာရီအထိ ကျင်းပခဲ့ပါ သည်။






ထိုအခမ်းအနားတွင် STI Myanmar University ၏ Executive Director ဒေါက်တာမျိုးမျိုးနိုင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး M.K.T Construction Co.Ltd ၏ CEO MCEA မှ အထွေထွေ အတွင်းရေးမှူး ဦးမျိုးမြင့် မှ လည်း အမှာစကားပြောကြားခဲ့ကာ ကျောင်းသား /သူများအား Certificate များ အသီးသီး ချီးမြှင့်ခဲ့ပါသည်။






ဆက်လက်ပြီး BEng (Hons) Civil မေဂျာမှ ကျောင်းသား မောင်ဟိန်းဆက်အောင် နှင့် Architecture မေဂျာမှ ကျောင်းသားမောင်မင်းခန့်ဘိုတို့ကလည်း ကျောင်းသား/သူများ ကိုယ်စား ကျေးဇူးတင်စကား များ ပြောကြားခဲ့ပါသည်။

## " Water Distribution Network and EPA Net Exercise " Workshop ကျင်းပခြင်း

STI Myanmar University သည် မိတ်ဖက်တက္ကသိုလ်တစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ Mahidol University အင်ဂျင်နီယာဌာန မှ တွဲဖက် ပါမောက္ခ DR. NAWATCH SURINKUL သည် STI Myanmar University သို့ လာရောက်၍ "Water distribution network and EPA net program exercise" အမည်ရှိ workshop ကို ၂၀၁၉ခုနှစ် မတ်လ (၈)ရက်နေ့ မနက်(၉)နာရီမှ ၄) နာရီအထိ ပြုလုပ်ခဲ့ပါသည်။









ယင်း workshop၏ နံနက်ပိုင်း တွင် အမေရိကန်နိုင်ငံ ပတ်ဝန်းကျင် စောင့်ရှောက်ရေးအဖွဲ့ အစည်းဖြစ်သော "US Environmental Protection Agency" အဖွဲ့ကြီးမှ ကမ္ဘာတဝှမ်းလုံးဆိုင်ရာ ရေပေးဝေရေး Network နှင့် ပတ်သတ်သည့် Software Program ကို အသုံးပြု၍ မြို့နယ်တစ်ခုစီမှ အိမ်တစ်အိမ်ဆီ သို့ရေပေး ဝယ်မှု Systemနှင့် ထိုအိမ်များသို့ တစ်နေ့ ၊ တစ်လ ၊ တစ်နှစ် ရေရရှိနိုင်မည့် ပမာဏ များ ၊ ရေလုံလောက်မှု ရှိမရှိ ကိုတွက်ချက်နိုင်မည့် သင်ခန်းစာများ နှင့်သီအိုရီများကို စာတွေ့ သင်ကြား ပို့ချခဲ့ကြသည်။ နေ့လည်ပိုင်းတွင် "Simple Water Supply System Design" ဖြင့် ရေပေးဝေဖြန့် ချီမှု စနစ်တစ်ခုကို

Computer များအသုံးပြု၍ လုပ်တွေ့ လုပ်ဆောင်လေ့လာ ခဲ့ကြပါသည်။ ယင်း Workshop သို့ STI Myanmar University ကျောင်းသား /သူများနှင့် ပြင်ပမှ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

## STI Myanmar University မှ Global Engagement Day Conference သို့တက်ရောက်ခြင်း

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ USCI University တွင် Global Engagement Day Conference ကို ၂၀၁၉ ခုနှစ် မတ်လ (၅) ရက်နေ့မှ (၆)ရက်နေ့အထိ ကျင်းပခဲ့ရာ Global Engagement Day Conference သည် USCI ရှိကျောင်းသားများအပါအဝင် ကမ္ဘာအရပ်ရပ်ရှိ အဆင့်မြင့် ပညာရေး ကိုလေ့လာသင်ကြားနေသော ကျောင်းသား များအတွက် ယူကေ၊ ဩစတြေးလျ ၊ ကနေဒါ၊ နယူးဇီလန် စသည့်နိုင်ငံများရှိ အဆင့်မြင့် တက္ကသိုလ်များသို့ သွားရောက်၍ ကိုယ်စိတ်ကြိုက်ပညာရပ်များကို လေ့လာဆည်းပူးနိုင်ရန် ၊ ကမ္ဘာလုံးဆိုင်ရာ ပညာရေးကွန်ယက်ကို ဖန်တီးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။




မြန်မာနိုင်ငံမှ STI Myanmar University ကိုယ်စားပြု အဖြစ် Dean of the faculty of Health Science ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသန်းမြင့် တက်ရောက်ခဲ့ပါသည်။ ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသန်းမြင့်သည် မတ်လ( ၅) ရက်နေ့ ညနေ (၃)နာရီမှ (၄)နာရီအထိ "Studying Opportunities at STI Myanmar University " ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။ ဆက်လက်ပြီး မတ်လ(၅)ရက်နေ့

ညနေပိုင်းတွင် International Research Collaboration Forum ကိုပြုလုပ်ခဲ့ပြီး ကမ္ဘာအရပ်ရပ်ရှိ သဘာဝပတ်ပန်းကျင်၊ ပညာရေး၊ ကျန်းမာရေး နှင့် ပတ်သက်ပြီး သုတေသန ပြုလုပ်သည့် အကြောင်းများကို Exchange Research System အဖြစ် အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။






မတ်လ (၆) ရက်နေ့တွင် မနက် (၁၀)နာရီမှ နေ့လည် (၁) နာရီအထိ " Study Abroad Talks ခေါင်းစဉ်ဖြင့် နိုင်ငံတကာတက္ကသိုလ်များ၏ Speaker များမှတက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ယင်း Conference သို့ STI Myanmar Universityအပါအဝင် ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂလိကတက္ကသိုလ် (၂၆)ခုတက်ရောက်ခဲ့ကြပြီး တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ဌာနမှူးများ ၊ ဆရာ၊ ဆရာမများ၊ နိုင်ငံတကာ သံရုံးများမှ တာဝန်ရှိသူများ နှင့် ဧည့်သည်တော်များ (၆၀၀)ခန့်တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

# STI Myanmar University မှ Myanmar Trade and Investment Conference 2019 သို့ တက်ရောက်ခြင်း




Myanmar Trade and Investment Conference 2019 ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Allen and Overy , Bishop Square, E16AD တွင် ၂၀၁၉ခုနှစ်မတ်လ (18) ရက်နေ့မှ (20) ရက်နေ့အထိ ကျင်းပရာ STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ Myanmar Trade and Investment Conference 2019 သည် မြန်မာနိုင်ငံရှိ စီးပွားရေးနှင့် ရင ရင်းနှီးမြုပ်နှံမှု လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယူကေနိုင်ငံနှင့် မြန်မာနိုင်ငံကြား အပြန်အ လှန် ရင်းနှီးမြုပ်နှံမှုလုပ်ငန်းများ အားကောင်းစေရန်နှင့် စီးပွားရေး၊ ပညာရေးနှင့် ပတ်သက်သည့် အခွင့် အလမ်း များ ရရှိစေရန် ရ ည်ရွယ်ပြီး UK-ASEAN Business Council နှင့် Department for international Trade ဗြိတိသျှသံရုံး တို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။






၂၀၁၉ခုနှစ် မ တ်လ (၁၈)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင် ဗြိတိသျှသံအမတ်ကြီး HE DAN CHUGG မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗြိတိသျှဝန်ကြီးမှ အဖွင့် အမှာ စကားပြောကြား ကာပြည်ထောင်စု သမ္မ တမြန်မာနိုင်ငံတော်စီးပွားရေးနှင့် နိုင်ငံ တကာ ဆက်ဆံရေး ဝန်ကြီးဌာန ဝန်ကြီးဦးသောင်း ထွန်းမှ Keynote အမှာစကား ပြောကြားခဲ့ပါသည် ။ နေ့လည်ပိုင်း (၂)နာရီမှ (၃)နာရီခွဲအထိ ပညာရေးနှင့် ပတ်သက်သောအကြောင်းအရာများ ကို ဆွေးနွေးရာတွင် "အနာဂတ်လုပ်ငန်း ခွင်များ အတွက် လေ့ကျင့်သင်ကြားနိုင်သော ၂၁ ရာစုပညာရေးစနစ် ကို စဉ်ဆက်မပြတ် ဖော်ဆောင် နိုင်မ ည့် စီမံကိန်းကို ဝိုင်းဝန် း ထူ ထောင်ရေး" ခေါင်းစဉ်ဖြင့် မြန်မာနို င်ငံ အမျိုးသားပညာရေး မူဝါ ဒကော် မရှင်ဥက္ကဌ ပါမောက္ခဒေါက်တာ ဦးမျိုးကြွယ်မှ ဦးဆောင်ဆွေးနွေးရာSTI Myanmar University ၏ President ဒေါ်ခင်အေးဝင်း က Panelist အဖြစ်ပါဝင် ဆွေးနွေးတင်ပြခဲ့သည်။ ဆွေးနွေး ပွဲ၏ ရည်ရွယ်ချက်မှာ ၂၁ ရာစုအဆင့်မြင့်ပ ညာရေး စနစ်ဖွံ့ဖြိုး တိုးတက်စေရန် ရ င်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် ပြ ပြုပြင်ပြောင်းလဲမှု များကိုပုဂ္ဂလိက ကဏ္ဍမှပါဝင်အား ဖြည့်ပြီး ပြုပြင်ပြောင် း လဲမှုများမျှဝေ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။ ထိုအပြင် အဆင့်မြ င့်ပညာရေးနှင် ့ ပတ်သက်သည့် အခွင့်အလမ်း ၊ဗဟုသုတ၊ နိုင်ငံ တကာ အတွေ့အကြုံများ အကြောင်းကိုလည်း UK နိုင်ငံမှတက်ရော က်လာ သူများနှင့် အပြန်အလှန် ဆွေးနွေးသွားခဲ့ပါသည်။






မတ်လ (၁၉ နှင့် ၂၀) ရက်များတွင် ပညာရေးနှင့်သက်ဆိုင်သောအဖွဲ့ဝင်များသည် အဂ အင်္ဂလန်နိုင်ငံရှိ သက်မွေးဝမ်းကျောင်းဆိုင်ရာကောလိပ် များနှင့်အဆင့်မြင့် ပညာရေး တက္ကသိုလ်များသို့ သွားရောက်လေ့လာ ကြသည်။ ယင်းအခမ်းအနား သို့ မြန်မာနိုင်ငံဆိုင်ရာဗြိတိန်သံအမတ်ကြီး၊ ရင ရင်းနှီးမြုပ်နှံမှုနှင့် နိုင်ငံ ခြားစီးပွား ဆက်သွယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံ ဗဟိုဘဏ်ဒု တိယဥက္ကဌ ဦးစိုးသိန်း ၊ ငွေရေးကြေး ရေးကြီးကြပ်စ စ်ဆေးမှုဦးစီးဌာနမှဒါရိုက်တာများ ၊ ၊ မြန်မာနိုင်ငံ ရင်းနှီးမြုပ်နှံ မှု ကော်မရှင်မှ ဒါရိုက်တာများ ၊ ရင်းနှီးမြုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒါရိုက်တာများ နှင့် STI Myanmar University ၏ ဥက္ကဌဒေါ်ခင်အေးဝင်းနှင့် Board of Director များ ဂုဏ်ယူစွာ တက်ရောက်ခဲ့ ကြောင်းသိရှိရပါသည်။

## STI Myanmar University မှ University Bedfordshire (UK) သို့ သွားရောက်လေ့လာခြင်း

STI Myanmar University သည် မိတ်ဖက်တက္ကသိုလ်ဖြစ်သော အင်္ဂလန်နိုင်ငံ University of Bedfordshire နှင့် ပူးပေါင်း၍ ဘွဲ့ကြို၊ ဘွဲ့လွန် ဘာသာရပ်များကို နိုင်ငံတကာ အဆင့်မီ သင်ကြားပို့ချ လျက်ရှိသော မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှု ကော်မရှင်၏ ပထမဆုံးခွင့်ပြုမိန့် ရရှိ ထားသည့် အဆင့်မြင့် ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ၂၀၁၉ခုနှစ်မတ်လ (၂၅)ရက်နေ့တွင် STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းနှင့် Board of Directors များ ၊ မြန်မာ နိုင်ငံ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဌ ပါမောက္ခဒေါက်တာ ဦးမျိုးကြွယ်တို့သည် အင်္ဂလန်နိုင်ငံရှိ University of Bedfordshire သို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကမ္ဘာ့ အဆင့်မီ စာတွေ့ လက်တွေ့သင်ကြားမှုပုံစံများ၊ သင်ရိုးနည်းစနစ်များနှင့်စာသင်ခန်းများသို့ သွားရောက် လေ့လာခဲ့ကြပါသည်။



မတ်လ (၂၅)ရက်နေ့ နံနက်ပိုင်းတွင် UOB နှင့် STIMU ကြား ဆက်နွယ်နေသည့် အဆင့်မြင့် ပညာသင်ကြားမှုနည်းစနစ်များနှင့် ပတ်သက်၍ UOB ၏ Center of Academic Partnership team နှင့် အတူ အပြန်အလှန်ဆွေး နွေး ခဲ့ကြပါသည်။ ထို့နောက် STIMU သည် မြန်မာနိုင်ငံရှိကျောင်းသား၊ ကျောင်းသူများ ကိုနိုင်ငံတကာ စံချိန်စံနှုန်းများနှင့် နှိုင်းယှဉ်အကဲဖြတ်နိုင်ရန်နှင့် အနာဂတ်ဘဝ ရည်မှန်းချက် အတွက် အာမခံချက်ရရှိစေရန်နှင့် Executive Dean and Chair in Cell Biology မှProf- Jan Domin နှင့်လည်းကောင်း၊ Associate Dean Dr.Rhidian Lewis တို့နှင့်လည်းကောင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။

 

နေ့လည်ပိုင်းတွင် Campus Tour အဖြစ် UBBS led by Head of Department of International Business, Marketing and Tourism နှင့် Student Halls များသို့လည်းကောင်း၊ UOB နှင့် STIMU ပူးပေါင်းဖွင့်လှစ်သော BEng (Hons) Engineering Program များ၏ Course Coordinator အဖြစ် တာဝန်ယူထားသူ UOB ၏ Senior Lecturer David Jazani ၏ Robotic LabTour သို့လည်းကောင်း၊ ညနေပိုင်းတွင် Lecture Theatre, စာကြည့်တိုက်၊ TV Broadcasting Station, Radio Broadcasting Station များသို့သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်းသိရှိရပါသည်။

## Efficient Literature Searching Workshop ကျင်းပခြင်း

STI Myanmar University မှ နိုင်ငံသားတဦးချင်းအတွက် လိုအပ်သောအသိအမြင်၊ ဗဟုသုတ များရရှိနိုင်ရန် မြန်မာနိုင်ငံမှ ပညာရှင်များသာမက ၊ နိုင်ငံတကာ ပညာရှင်များကို ဖိတ်ကြားပြီး ဟောပြောပွဲများ၊ ၊ သင်တန်းများနှင့် Workshop များကို အခါအားလျော်စွာ ကျင်းပပေးလျှက် ရှိပါသည်။




၂၀၁၉ခုနှစ် မတ်လ(၂၇) ရက်နေ့တွင် နေ့လည် (၁၂) နာရီမှ ညနေ (၄) နာရီအထိ MICT park အတွင်းရှိ STI Myanmar University Campus တွင် " Efficient Literature Searching " သင်တန်းကို ကျင်းပခဲ့ပါသည်။ ယင်သင်တန်းတွင် တွဲဖက်ပါမောက္ခ ဒေါက်တာဦးဝင်းခိုင်မှ အင်တာနက်ထဲတွင် ကိုယ်ရှာချင်သော အကြောင်းအရာများကို အချိန်တိုအတွင်း ထိထိရောက်ရောက်ရှာဖွေနိုင်မည့် နည်းလမ်းများနှင့် နည်းပညာများကို သင်ကြားပို့ချခြင်းဖြစ်ပါသည်။




ဆေးပညာနှင့်ပတ်သက်၍ သုတေသနများ ပြုလုပ်ရာတွင်လည်းကောင်း၊ Assignment များ ရေးရာတွင်လည်းကောင်း အသုံးဝင်သည့် PubMed Wedsite ကဲ့သို့ ဆေးပညာနှင့်ဆိုင်သော စာတမ်းများ ၊ ဂျာနယ်များကို လွယ်ကူစွာရှာဖွေနိုင်ရန် ၊ သတင်းအချက်အလက်များ ရယူစုဆောင်းနိုင်ရန်ရည်ရွ ယ် ၍ သင်ကြားပေးခြင်းဖြစ်ပါသည်။ ထိုသ င်တန်းသို့ STI Myanmar University Health Science သင်တန်းများမှ ကျောင်းသား/သူများ ၊ စိတ်ဝင်စားသူ လူင ယ်များနှင့် NGO မှတာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး သိလိုသည်များကို ဆရာနှင့် ဆွေးနွေးမေးမြန်း ခဲ့ ကြ ကြောင်း သိရှိရပါသည်။

## STATA Software Training ပြုလုပ်ခြင်း

၂၀၁၉ခုနှစ် မ တ်လ ( ၃၀)ရက်နေ့နှင့် (၃၁ ) ရက်နေ့ များတွင် မနက် (၉)နာရီမှ (၄)နာရီအထိ လှိုင်မြို့နယ် MICTpark အတွင်းရှိ STI Myanmar University တွင် STATA Software Training ကိုပြုလုပ်ခဲ့ပါသည်။




ယင်း Training တွင် ပရော်ဖက်ဆာ ဒေါက်တာ ကျော်မျိုးထွန်း နှင့် ဒေါက်တာ ဒေါ်ပပစိုးတို့က Statistical Software တစ်ခုဖြစ်သော STATA Software ကို မည်ကဲ့သို့အသုံးပြုပုံကို သင်ကြားပြသခဲ့ပါသည်။ STATA Software သည်မဟာဘွဲ့တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက် သုတေသနစာတမ်းများ ပြုစုရာတွင် လည်းကောင်း၊ Student Paper များရေးရာတွင်လည်းကောင်း၊ သုတေသ န အချက်အလက်များကို စနစ်တကျမှတ်သား၊ တွက်ချက်နိုင်ရန် စမ်းစစ်လေ့လာနိုင်ရန် အသုံးဝင်သော software တစ်ခုဖြစ်ပါသည်။ ယ င်းသင်တန်း ပြုလုပ်ချိန် နှစ်ရက်တာကာလအတွင်း ထိုSoftware ကို

ကိုယ်တိုင်ကိုယ် ကျကျွမ်းကျင်စွာ လေ့လာအသုံးပြုနိုင်ရန် လေ့ကျင့်ခဲ့ကြပြီး graphical presentation များမည်ကဲ့သို့ ပြုလုပ်နိုင်ပုံကို လည်း ဆရာများက သင်ကြားပြသခဲ့ပါသည်။

## STIMU Water Festival Playground ပွဲတော် ကျင်းပခြင်း




နှစ်စဉ်ကျင်းပလျက်ရှိသော မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ကြိုဆိုသောအားဖြင့် STI Myanmar University သည် "STIMU Water Festival Playground" ပွဲတော် ကို ၆.၄.၂၀၁၉ခုနှစ်တွင် မနက် (၉)နာရီမှ (၄)နာရီအထိ လှိုင်မြို့နယ် MICTpark အတွင်းရှိ STIMU Campus တွင်လည်းကောင်း ၊ မန္တလေးမြို့ရှိ မန္တလေး Campus တွင်လည်းကောင်း STI Myanmar University ၏ Student Council မှ ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။











နံနက်ပိုင်းတွင် STIMU မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ/ဆရာမများ မှ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး ကျောင်းသား /သူများမှ မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာအတိုင်း ဆရာ၊ဆရာမများအား နှစ်သစ်တွင်ရှင်လန်းစေရန် ရေကန်တော့ခြင်း ၊ စတုဒီတာကျွေးမွေးဧည့်ခံခြင်း၊ STIMU Campus အသီးသီးမှ ကျောင်းသား/သူများမှ သင်္ကြန်သီချင်းများ သီဆိုခြင်း ၊ ယိမ်း အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပါသည်။ နာမည်ကြီး DJ player များဖြစ်သော DJ Skimm ၊DJ Arco နှင့် အဆိုတော် Artists များဖြစ်ကြသောထက်ယံ ၊ ရှိုင်း၊ Russel နှင့် ၊ယွန်းတို့ က တေးသီချင်းများဖြင့်ဖျော်ဖြေခဲ့ပြီး၊ Creative Dance Group မှ အကများဖြင့်ဖျော်ဖြေခဲ့ပါသည်။






ထိုအပြင် နာမည်ကြီး Beauty blogger များဖြစ်ကြသော မဝင်းမင်းသန်း( Yangon in My Heart) နှင့် မဖြိုး (Phyodaybyday ) တို့ကလည်း သကြ်န်နှင့်ပတ်သက်သော အလှအပဆိုင်ရာဆွေးနွေးချက်များ၊ အသားအရည်ထိန်း သိမ်းနည်းများအပြင် လူငယ်များအတွက် အကျိုးရှိမည့် အကြောင်းအရာများ ကိုလည်းဆွေးနွေးခဲ့ပါသည်။ ယခုနှစ်၏ အထူးအစီအစဉ်ဖြစ်သော Big Bouncy Castle ကြီးပေါ်တွင် ကျောင်းသား၊သူများပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။ ပါဝင်တင်ဆက်သူများအား တနေ့တာလုံး စတုဒီတာ အလှူအဖြစ် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်၊ ရွှေရင်အေးတို့ကို ကျွေးမွေးဧည့်ခံကာ Fun Fair ဈေးပွဲတော်များ ပြုလုပ်ပြီးနှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုခဲ့ကြောင်း သိရှိရပါသည်။

## STI Myanmar University ( Mandalay Campus ) ၏ ဒုတိယအကြိမ်မြောက် Graduation Ceremony ကျင်းပခြင်း




STI Myanmar University ( Mandalay Campus) ၏ ဒုတိယအကြိမ်မြောက် အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ၂၀၁၉ ခုနှစ် ဧပြီလ(၂၃) ရက်နေ့ တွင် မနက် (၉)နာရီမှ (၁၂)နာရီအထိ မန္တလေးမြို့ ရွှေပြည်သာဟိုတယ်တွင် ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်အလံအား အလေးပြုခြင်းဖြင့် အခမ်းအနားကိုစတင်ခဲ့ပါသည်။





ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးမှ ဂုဏ်ပြုအမှာ စကားပြောကြားခဲ့ပြီး STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းမှ နှုတ်ခွန်း ဆက်အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် University of Bedfordshire(UK) နှင့်ပူးပေါင်းဖွင့်လှစ်ထားသော BEng (Hons) နှင့် BA (Hons) ဘွဲ့သင်တန်းများ၏ စီးပွားရေးစီမံခန့်ခွဲမှု အောင်လက်မှတ်နှင့်ဒီပလိုမာများ၊ Civil Engineering နှင့် Architectural Engineering, Program အသီးသီးမှ Diploma နှင့် Foundation အောင်မြင်ပြီးစီး သူများအပြင် အင်္ဂလိပ်ဘာသာ ဆရာဖြစ် ဒီပလိုမာ အောင်မြင်ပြီးစီးသူများနှင့် ထူးချွန်ဆုရရှိသူများအား STI Myanmar University ၏ President ဒေါ်ခင်အေးဝင်း ၊ Executive Director ဒေါ်မျိုးမျိုးနိုင်၊ STI Myanmar University ၏ Dean of the Faculty of Engineering မှ ဆရာကြီးဒေါက်တာဦးသိန်းတန် ၊ Architecture Engineering ဌာန၏ Head နှင့် Professor ပရော်ဖက်ဆာ ဆရာကြီးဦးပါစီမျိုးမြင့် တို့မှ အောင်လက်မှတ်နှင့်ဆုများ ချီးမြှင့်ခဲ့ပါသည်။





ဆက်လက်ပြီး STI Myanmar University (Mandalay Campus) Student Council ၏ President ဖြစ်သော BEng(Hons) Civil Engineering Second Year ကျောင်းသား မောင်ရှိန်ရှိန်အောင် မှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အမှတ်တရ ဓါတ်ပုံများ ရိုက်ကူးကာ အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရှိရသည်။

**<u>STI Myanmar University မှ International Girls in ICT days အခမ်းအနားသို့ တက်ရောက်ခြင်း</u>**

၂၀၁၉ခုနှစ် ဧပြီလ (၂၅)ရက်နေ့တွင် ကျရောက်သော "International Girls in ICT"days နှင့်စပ်လျဥ်း၍ အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (ITU) မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ကိုယ်စားပြု အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ International Girls in ICT days အထိမ်းအမှတ် လုပ်ရှားမှု တစ်ရပ်ကို MICTpark အတွင်းရှိ Kanaung Hub, Event Area , အဆောင်နံပါတ်(၁၄) ၊ (၅)လွှာတွင် နံနက်၈နာရီခွဲမှ ၁၂ နာရီအထိ မြန်မာနိုင်ငံကွန်ပြူတာအသင်းချုပ်မှ ကျင်းပခဲ့ပါသည်။ ယင်းအခမ်းအနားသို့ STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းနှင့် အတူ STI Myanmar University မှ ကျောင်းသူလေး (၁၄)ဦး တက်ရောက်ခဲ့ကြသည်။





ထိုအခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပြူတာ အသင်းချုပ် ဥက္ကဌဦးမင်းဇေယျာလှိုင်က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး International Girls in ICT နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက်မြန်မာ့အမျိုးသမီးငယ်များ၊ ICT စွန့်ဦးတီထွင်သူများနှင့် တွေ့ဆုံခြင်းအခမ်းကဏ္ဍကိုပြုလုပ်ခဲ့ရာတွင် နယ်ပယ်အသီးသီးမှ ဦးဆောင်မှုပြနေသောအမျိုးသမီးငယ်များ၊ STI Myanmar University အပါအဝင် Private University အသီးသီးမှ တာဝန်ရှိသူများနှင့် ကျောင်းသူများအချင်းချင်းမိတ်ဆက်ကြပြီး အုပ်စု (၇)ဖွဲ့

ဖွဲ့၍ Creation Method များနှင့် ပတ်သက်၍ Activities များပြုလုပ်ခြင်း ၊ Brain storming များ လည်း ပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ Mobile Application နှင့်ပတ်သက်၍လည်း လက်တွေ့ လုပ်ဆောင်မှု များပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကူးကာ အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရှိရပါသည်။ International Girls in ICT days ကို ၂၀၁၁ခုနှစ်မှစ၍ နှစ်စဉ် ဧပြီလ၏ စတုတ္ထအပတ် ကြာသပတေးနေ့ တိုင်းတွင် ကမ္ဘာအနှံ့အပြားရှိအမျိုးသမီးငယ်များအတွက် အခွင့်အလမ်းများနှင့် နည်းပညာနှင့် ပတ်သက်၍ အတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် ကိုးကြိမ်မြောက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## အတ္တနာရာယ်ကင်းနှစ်ဦးဆွမ်းကပ်အလှူ ပြုလုပ်ခြင်း



မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲပြီးဆုံးချိန် နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ကြိုဆိုသည့် အထိမ်းအမှတ်အနေဖြင့် STI Myanmar University သည် အတ္တနာရယ်ကင်းနှစ်ဦး ဆွမ်းကပ်အလှူကို ၂၀၁၉ ခုနှစ် ဧပြီ (၂၇) ရက်နေ့ မနက် (၉)နာရီမှ (၁၂)နာရီအထိ MICT park အတွင်းရှိ STI Myanmar University တွင် ကျင်းပခဲ့ပါသည်။ ဦးစွာပထမ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ခဲ့ပြီးသံဃာတော် အရှင်သူမြတ်များက တရားဓမ္မများ ချီးမြှင့်ခဲ့ပြီး

STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းနှင့် Board of Directors အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းခဲ့ပြီး ရေစက်ချအမျှဝေကာ ဗုဒ္ဓ သာသနံစိရံတိဌတု သုံးကြိမ်ရွတ်ဆို၍ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းကပ်လှူပူဇော်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

## STI Myanmar University ၏ Info Day Ceremony

STI Myanmar University ၏ Info Day အခမ်းအနားကို ၂၀၁၉ခုနှစ် မေ (၂၇)ရက်နေ့ နေ့လည် (၁)နာရီမှ (၃)နာရီအထိ MICT park အတွင်းရှိ STI Myanmar University (4th) floor တွင် နေ့လည် (၁)နာရီမှ (၃) နာရီအထိ ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနာတွင် အခမ်းအနားစတင်ကြောင်း ကြေငြာပြီးသည်နှင့် STI Corporate Video ကိုပြသခဲ့ပါသည်။






ထို့နောက် STI Myanmar University ၏ Executive Director ဒေါက်တာမျိုးမျိုးနိုင် မှ နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး STI ၏ တွဲဖက် တက္ကသိုလ်များဖြစ်သော University of Bedfordshire, UK နှင့် The Open University of Hong Kong မှ တိုက်ရိုက်ချီးမြှင့်သည့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့များဖြစ်သော စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့များ၊ ဆရာအတတ်သင်ဆိုင်ရာ မဟာဘွဲ့များ၊ အင်ဂျင်နီယာ ဂုဏ်ထူးတန်းဘွဲ့များ၊ ပြည်သူ့ကျန်းမာရေး မဟာဘွဲ့များအကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ Faculty of Engineering Department မှ Lecturer ဒေါ် ရည်မွန်အောင်မိုးမှလည်း Engineering မေဂျာနှင့်ပတ်သက်၍ဆွေးနွေးပြောကြားခဲ့ပြီး Faculty of Business Department မှ Lecturer ဒေါ် ဆရာမ ဒေါ်ဇင်သူဇာသိန်းမှလည်း Business မေဂျာနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး STI Myanmar University ၏ ကျောင်းသား၊ ကျောင်းသူများမှ STI Myanmar University တွင် ကျောင်းတက်နေစဉ် အတွေ့အကြုံများကိုလည်း မျှဝေပေးခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ ထိုအခမ်းအနားသို့ ဧည့်သည်များ စုစုပေါင်း (၁၅၀)ခန့်တက်ရောက်ခဲ့ကြပြီး STI Myanmar University Campus ကို လည်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်းသိရှိရပါသည်။

+++++